AYA Bank
ရာဝတီဘဏ်
Your Trusted Partner

**၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီဘဏ်လီမိတက်၏**
**နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှတ်တမ်း၊**
**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့၊ နံနက်(၁၀)နာရီ**
**ဧရာဝတီဘဏ်လီမိတက်(ရုံးချုပ်)၊ အမှတ်(၄၁၆)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့**

**အစည်းအဝေးတက်ရောက်သူများ**

**အစုရှယ်ယာရှင်များ**

(၁) ဦးဇော်ဇော်

(၂) ဒေါ်ငွေးငွေးခိုင်

(၃) ဦးသန်းဇော်

(၄) ဦးအုန်းကျော်

**ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ**

(၁) ဒေါ်ခင်စောဦး၊ အမှုဆောင်ဥက္ကဋ္ဌ

(၂) ဒေါ်ခင်မမ၊ အမှုဆောင်ဒါရိုက်တာ

(၃) အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဇော်

(၄) Prof. ဒေါက်တာအောင်ထွန်းသက်၊ အမှုဆောင်မဟုတ်သည့်သီးခြားလွတ်လပ်သောဒါရိုက်တာ

(၅) ဦးမင်းစိန်၊ အမှုဆောင်မဟုတ်သည့်သီးခြားလွတ်လပ်သောဒါရိုက်တာ

**ပြင်ပစာရင်းစစ်**

ဦးဝင်းသင်၊ ဦးမိုးကျော်၊ ဦးဆက်နိုင်(ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ)

**ခွင့်ဖြင့် ပျက်ကွက်သူများ**

ဒေါက်တာတင်လတ်၊ အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သောဒါရိုက်တာ

ဒေါ်ဆန်းဆန်း၊ အစုရှယ်ယာရှင်

**အစည်းအဝေးအစီအစဉ်**

(၁) အစည်းအဝေး အထမြောက်ကြောင်းကြေငြာခြင်းနှင့် အစည်းအဝေး၏ သဘာပတိ ရွေးချယ်တင်မြှောက်ခြင်း၊

(၂) **ယမန်နှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းနှင့် အစည်းအဝေး ဆင့်ခေါ်စာအား အတည်ပြုခြင်း**

(၃) အစည်းအဝေး၏ သဘာပတိက အဖွင့်အမှာစကားပြောကြားခြင်း၊

(၄) စာရင်းစစ်ခံခဲ့သည့် ဘဏ္ဍာရေးအခြေအနေများနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အဖွဲ့ အစီရင်ခံစာ (Statutory Audit Report) ဖတ်ကြားခြင်းနှင့် အတည်ပြုခြင်း၊

(၅) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ပြင်ပစာရင်းစစ်ဖြစ်သော ဝင်းသင်နှင့်အဖွဲ့စာရင်းစစ်များ၏ စာရင်းစစ် ခန့်ထားရေးအတွက် တင်ပြခြင်း၊

(၆) ဒါရိုက်တာအဖွဲ့ဝင်များခန့်အပ်ခြင်းနှင့်လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

(၇) ဒါရိုက်တာများနှင့် စီမံခန့်ခွဲမှုကော်မတီများအား ကော်မတီများတွင် လုပ်ငန်းတာဝန်များ ဆက်လက် ထမ်းဆောင်ရန် ခွင့်ပြုချက်ရယူခြင်းနှင့် အတည်ပြုခြင်း၊

(၈) ဒါရိုက်တာအဖွဲ့ဝင်များ၏ ရာထူးအခေါ်အဝေါ် ပြင်ဆင်သတ်မှတ်ချက်များ အတည် ပြုခြင်း၊

(၉) ရောဝတီဘဏ်လီမိတက် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ စည်းမျဉ်းအား တက်ရောက်လာသည့် ဒါရိုက်တာများမှ အပြီးသတ်အတည်ပြုပေးခြင်း၊

(၁၀) အစည်းအဝေးသဘာပတိမှ နိဂုံးချုပ်အမှာစကား ပြောကြားခြင်းနှင့် အစည်းအဝေး ရုပ်သိမ်းခြင်း၊

**အစီအစဉ်(၁)**

**အစည်းအဝေးအထမြောက်ကြောင်း ကြေငြာခြင်းနှင့် အစည်းအဝေး၏ သဘာပတိ ရွေးချယ် တင်မြှောက်ခြင်း**

အစည်းအဝေးအား အစုရှယ်ယာအားလုံး၏ (၁၀%)အထက် ပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များ စုံညီစွာ တက်ရောက်ပါသဖြင့် အစည်းအဝေး အထမြောက်ကြောင်း ကြေငြာခဲ့ပြီး ဥက္ကဋ္ဌ ဦးဇော်ဇော်

အား အစည်းအဝေး၏ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ရန် အမှုဆောင်ဒါရိုက်တာမှ အဆိုပြုခြင်းအား အစုရှယ်ယာဝင်(၂)ဦးမှ အတည်ပြုခဲ့ကြပါသည်။

**အစီအစဉ်(၂)**

**ယမန်နှစ်က ကျင်းပခဲ့သည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်း**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှတ်တမ်းအား တက်ရောက်လာကြသူအားလုံးမှ တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ကြပါသည်။

**အစီအစဉ်(၃)**

**အစည်းအဝေး၏ သဘာပတိ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားခြင်း**

နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ကြသူ အားလုံးအား အထူးကျေးဇူးတင်ကြောင်း၊ ရောဝတီဘဏ်အနေဖြင့် ဘဏ်၏(၁၁)နှစ်တာကာလအတွင်း ကြိုးပမ်းကာ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်ခဲ့သည့်အတွက် တာဝန်ရှိသူများအားလုံး၊ ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ အားလုံး၊ အစုရှယ်ယာရှင်များနှင့် ဘဏ်၏ကောင်းကျိုးအတွက် ထောက်ပြဆောင်ရွက်ပေးခဲ့သည့် ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သည့် ဆရာကြီး ဦးဝင်းသင်နှင့်အဖွဲ့စာရင်းစစ်များအား အထူးကျေးဇူးတင်ကြောင်း၊ ဘဏ်၏ website တွင်လည်း Financial Statement အား အများပြည်သူများ သိရှိစေရန် ပွင့်လင်းမြင်သာစွာ ချပြနိုင်ခဲ့သည့်အတွက် ကြိုးစားဆောင်ရွက်ခဲ့သူများ အားလုံးအား အထူးပင်ကျေးဇူးတင်ရှိပြီး အစုရှယ်ယာရှင်များနှင့် ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများအားလုံး ကိုဗစ်ရောဂါအန္တရာယ်ဘေးမှ ကင်းဝေး၍ ကျန်းမာ၊ ချမ်းသာစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားခဲ့ပါသည်။

<u>**စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များ**</u>

ဤအဆိုပြုတင်ပြသည့် အချက်အားလုံးအား နှစ်ပတ်လည်အစည်းအဝေး၏ အသိပေးချက်တွင်ကြိုတင် ဖော်ပြထားပြီးဖြစ်သည်

**အစီအစဉ်(၄)**

**စာရင်းစစ်ခံခဲ့သည့် ဘဏ္ဍာရေးအခြေအနေများနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အဖွဲ့ အစီရင်ခံစာ (Statutory Audit Report) ဖတ်ကြားခြင်းနှင့်အတည်ပြုခြင်း**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၁)**

ရောဝတီဘဏ်လီမိတက်၏ အကြီးတန်း ဘဏ္ဍာရေးအမှုဆောင်အရာရှိချုပ်(SCFO) Mr. Azeem Azimuddin မှ စာရင်းစစ်ခံခဲ့ပြီး သည့် ဘဏ္ဍာရေးအစီရင်ခံစာဖတ်ကြားခဲ့ပါသည်။

ဆက်လက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ စာရင်းစစ်အစီရင်ခံစာ (Statutory Audit Report)အား ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့စာရင်းစစ်များ၏ ကိုယ်စား တာဝန်ရှိသူတစ်ဦး ဖြစ်သည့် ဦးဆက်နိုင်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းများနှင့် နှစ်ပတ်လည် အစီရင် ခံစာအား မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်ပြန် ထားကြောင်း ပြောကြား၍ ရှင်းလင်း ဖတ်ကြားခဲ့ခြင်းတို့အား ဒါရိုက်တာအဖွဲ့မှ အတည်ပြုခြင်းနှင့် မှတ်တမ်းတင် ထားရှိခဲ့ပြီး အစည်းအဝေး၏ သဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက်အမှတ်(၁)အား အတည်ပြုခဲ့သည်။

**အစီအစဉ်(၅)**

**၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ပြင်ပစာရင်းစစ်ဖြစ်သော ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ၏ စာရင်းစစ် ခန့်ထားရေးအတွက် တင်ပြခြင်း**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၂)**

ယင်းနောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ပြင်ပစာရင်းစစ်အဖြစ် ဒေါ်ခင်စန္ဒာဝင်း (ဝင်းသင်နှင့် အဖွဲ့ စာရင်းစစ်များ)အား ခန့်ထားခွင့်ပြုပါရန်ကိစ္စကို နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် တောင်းခံခဲ့ရာတွင် တက်ရောက်လာသည့် အစုရှယ်ယာရှင်များနှင့် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများအားလုံးမှ အတည်ပြုခဲ့ပြီး အစည်းအဝေး၏ သဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၂)အား အတည်ပြုခဲ့သည်။

**အစီအစဉ်(၆)**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၃)**

**ဒါရိုက်တာအဖွဲ့ဝင်များခန့်အပ်ခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

အစုရှယ်ယာရှင် ဦးသန်းဇော်မှ လက်ရှိ တည်ဆဲ ဒါရိုက်တာအဖွဲ့ဝင်များ နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များအား လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရန် အဆိုပြုခဲ့ခြင်းအား ဒါရိုက်တာများမှလည်း ၎င်းတို့၏ သဘောဆန္ဒဖြင့် ရုံးလုပ်ငန်းများ ဆက်လက်တာဝန်ထမ်းဆောင်ရန် အတည်ပြုခဲ့ကြပါသည်။ ဦးသန်းဇော်၏ အဆိုပြုချက်အား အစုရှယ်ယာရှင် ဦးအုန်းကျော်မှ ထောက်ခံ၍ အစည်းအဝေး တက်ရောက်သော အစုရှယ်ယာရှင်များမှ လက်ထောင် မဲပေးခြင်းဖြင့် ဆုံးဖြတ်ခဲ့ကြပြီး **"လက်ရှိ ဒါရိုက်တာ အဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များအား လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရန်"** တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ပါသည်။ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ်(၃)အား အစည်းအဝေး၏ သဘာပတိမှ အတည်ပြုခဲ့ပါသည်။

**အစီအစဉ်(၇)**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၄)**

**ဒါရိုက်တာများနှင့် စီမံခန့်ခွဲမှုကော်မတီများအား ကော်မတီများတွင် လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရန် ခွင့်ပြုချက်ရယူခြင်းနှင့် အတည်ပြုခြင်း၊**

ဘဏ်၏ စာရင်းစစ်ကော်မတီအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့်အညီ ဘဏ်တွင် ဖွဲ့စည်းထားသည့် ကော်မတီများမှ ဒါရိုက်တာများ၏သက်တမ်းအား စိစစ်ခြင်း၊ ၎င်းတို့၏ ဆန္ဒသဘောထားတောင်းခံခြင်းနှင့် နောက်တစ်ကြိမ်သက်တမ်းအတွက် ဆက်လက်ခန့်အပ်ခြင်း၊ ကော်မတီဝင်များဖြစ်သည့် အကြီးတန်းစီမံခန့်ခွဲသူများအား လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ခန့်ထားခြင်းတို့အား တက်ရောက်လာသည့် အစုရှယ်ယာရှင်များမှ တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၄)အား အစည်းအဝေး၏ သဘာပတိမှ အတည်ပြုခဲ့သည်။

**အစီအစဉ်(၈)**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၅)**

**ဒါရိုက်တာအဖွဲ့ဝင်များ၏ ရာထူးအခေါ်အဝေါ် ပြင်ဆင် သတ်မှတ်ချက်များ အတည်ပြုခြင်း**

ဒါရိုက်တာအဖွဲ့ဝင်အချို့၏ ရာထူးအခေါ်အဝေါ် ပြင်ဆင်သတ်မှတ်ချက်များအတွက် ရောဝတီဘဏ်လီမိတက်၏ (၄)ကြိမ်မြောက်ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့ပြီးဖြစ်သဖြင့် ဦးဇော်ဇော်အား တည်ထောင်သူနှင့်ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ဒေါ်ခင်စောဦးအား အမှုဆောင်ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဦးသန်းဇော်နှင့် ဒေါ်ဌေးဌေးခိုင်တို့အား ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ထပ်ဆင့်ထောက်ခံရန် အဆိုပြုတင်ပြခဲ့ရာတွင် တက်ရောက်လာသည့် အစုရှယ်ယာရှင်များနှင့် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများအားလုံးမှ အတည်ပြုခဲ့ကြပြီး အစည်းအဝေး၏ သဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၅)အား အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အခြားဆွေးနွေးရမည့် အကြောင်းအရာ မကျန်ရှိပါကြောင်းနှင့် အကြောင်းကြားသည့်စာအားလည်း လက်ခံရရှိခြင်းမရှိပါကြောင်း ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူးမှ ပြောကြား၍ အဓိကကျသည့်လုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် အစည်းအဝေးသဘာပတိသို့ ပန်ကြားခဲ့ပြီး သဘာပတိ၏ ခွင့်ပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

<u>**အဓိကကျသည့် လုပ်ငန်းစဉ်**</u>

**အစီအစဉ်(၉)**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၆)**


**ရောဝတီဘဏ်လီမိတက် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းအား တက်ရောက်လာသည့် ဒါရိုက်တာများမှ အပြီးသတ်အတည်ပြုပေးခြင်း၊**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၃-၁၂-၂၀၂၀ ရက်စွဲပါစာဖြင့် အတည်ပြု ခွင့်ပြုပြီးဖြစ်သည့် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းအား တက်ရောက် လာသည့် အစုရှယ်ယာရှင်များနှင့် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများအားလုံးမှ အတည်ပြုခဲ့ကြပြီး အစည်းအဝေး၏ သဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၆)အား အတည်ပြုခဲ့သည်။

**အစီအစဉ်(၁၀)**

**အစည်းအဝေးသဘာပတိမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်းနှင့် အစည်းအဝေးရုပ်သိမ်းခြင်း**

အခြား အကြောင်းအရာများ ဆက်လက်ဆွေးနွေးရန်မရှိပါသဖြင့် သဘာပတိမှ အစည်းအဝေးအား အထမြောက်အောင် ဆောင်ရွက်ပေးသည့်သူအားလုံးနှင့် တက်ရောက်လာသူ အားလုံးအား တစ်ဦးတစ်ယောက်မကျန် ကျေးဇူး တင်ရှိပါကြောင်း ပြောကြားပြီး ၁၀း၃၇ နာရီတွင် အစည်းအဝေး ရုပ်သိမ်းရန် ကြေငြာခဲ့ပါသည်။

| **မှတ်တမ်းတင်သူ** | **စိစစ်သူ** | **အတည်ပြုသူ** |
|---|---|---|
|  |  | |
| (ရွှေရည်ဝင်း) | (အောင်မျိုးစော) | (ဇော်ဇော်) |
| အတွင်းရေးမှူး | ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး | နှစ်ပတ်လည်အထွေထွေ |
| စီမံခန့်ခွဲမှုကော်မတီ | | အစည်းအဝေး၏ သဘာပတိ |

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊အောက်တိုဘာလ ၂၉ ရက်